# **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်း**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## **အခန်း (၁)**

## **အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သောပြစ်မှုတစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီလျှင် ဤဥပဒေအရသာ စီရင်ပိုင်ခွင့်ရှိစေရမည် -

(က) မည်သူမဆို မြန်မာနိုင်ငံအတွင်း ကျူးလွန်ခြင်း၊

(ခ) မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူကဖြစ်စေ၊ မြန်မာနိုင်ငံတွင် အမြဲတမ်း နေထိုင်ခွင့်ရရှိသည့် နိုင်ငံခြားသားကဖြစ်စေ ပြည်ပတွင် ကျူးလွန်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ လွှင့်ထူခွင့်ရှိသောရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်း။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသမီး** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုသည်၊

(ခ) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်၊

(ဂ) **အကြမ်းဖက်မှု** ဆိုသည်မှာ ဤဥပဒေအရအမျိုးသမီးဖြစ်ခြင်းအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံပြီး ထိုအမျိုးသမီးအပေါ် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် စီးပွားရေးဆိုင်ရာအကြမ်းဖက်မှုတစ်ခုခုကို ခြိမ်းခြောက်၍သော်လည်းကောင်း၊ အနိုင်အထက်ပြု၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း အကြမ်းဖက်သည့်ပြုလုပ်မှုကို ဆိုသည်။

**ရှင်းလင်းချက်** -

(၁) **ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာ ဘေးဖြစ်စေတတ်သောလက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ အမျိုးသမီးကို သေစေရန်၊ နာကျင်စေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အနိုင်အထက်ပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ထိပါးစော်ကားမှု သို့မဟုတ် မတရားချုပ်နှောင်ထားမှုအပါအဝင် တစ်နည်းနည်းဖြင့် ပြုလုပ်သည့် အကြမ်းဖက်မှုကို ဆိုသည်။

(၂) **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာအမျိုးသမီး၏ စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုဖြစ်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် တမင်ကြံရွယ်လုပ်ဆောင်သော အောက်ပါပြုလုပ်မှုများကို ဆိုသည် -

(က) လွတ်လပ်စွာသွားလာနေထိုင်ခွင့်မပြုခြင်း၊

(ခ) နှုတ်ဖြင့်အကြိမ်ကြိမ်စော်ကားခြင်း၊

(ဂ) အများသူငါရှေ့တွင် အရှက်ရအောင် ပြုမူပြောဆိုခြင်း၊

(ဃ) မကြာခဏခြိမ်းခြောက်ခြင်း။

(၃) **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာ သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် အမျိုးသမီး၏သဘောတူညီချက်မပါဘဲ လိင်ပိုင်းဆိုင်ရာ ပြုမူဆောင်

ရှက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုများလည်း ပါဝင်သည် -

(က) မုဒိမ်းမှု၊

( ခ) ဓမ္မတာနှင့်ဆန့်ကျင်သော လိင်ပိုင်းဆိုင်ရာပြုကျင့်မှု၊

( ဂ) ပြည့်တန်ဆာပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာအလွဲသုံးမှု၊

(ဃ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန်ကြံရွယ်၍ ကျူးလွန်သည့် လက်ရောက်မှု၊

( င) အမျိုးသမီးကို လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ရန်ရည်ရွယ်၍ စကားဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ ပြုလုပ်မှု၊

( စ) အမျိုးသမီး၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဓာတ်ပုံ သို့မဟုတ် ဗီဒီယို ရိုက်ကူးမှု၊ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ ထုတ်ဖော်ဖြန့်ဝေမှု သို့မဟုတ် ညစ်ညမ်းပုံများ ပေးပို့ဖြန့်ဝေမှု။

(၄) **စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာ အိမ်ထောင်ဦးစီးအမျိုးသားကဖြစ်စေ၊ သွေးရင်းမိသားစုဝင်တစ်ဦးဦးကဖြစ်စေ တရားဝင်ဇနီးအပေါ် သို့မဟုတ် သွေးရင်းမိသားစုဝင်အမျိုးသမီးတစ်ဦးအပေါ် အောက်ပါတို့နှင့် စပ်လျဉ်း၍ ပြုလုပ်ခြင်းကို ဆိုသည်-

(က) ပုံမှန်ဝင်ငွေရှိလျက် မိသားစုစားဝတ်နေရေးအတွက် စရိတ်ထောက်ပံ့မှုမပြုခြင်း၊

(ခ) တရားဝင် ဝင်ငွေရအလုပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုတစ်ခုခုကို ခွင့်မပြုခြင်း သို့မဟုတ် ပိတ်ပင်တားမြစ်ခြင်း၊

(ဂ) အိမ်ထောင်ပစ္စည်းများကို မကြာခဏ ဖျက်ဆီးဆုံးရှုံးစေခြင်း၊

(ဃ) အမျိုးသမီး၏ ကိုယ်ပိုင်ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ခြင်း။

(ဃ) **အိမ်တွင်းအကြမ်းဖက်မှု** ဆိုသည်မှာ သွေးရင်းမိသားစုဝင်တစ်ဦးဦးကဖြစ်စေ၊ အိမ်ထောင်စုဝင်တစ်ဦးဦးကဖြစ်စေ အမျိုးသမီးအပေါ် အကြမ်းဖက်ပြုခြင်းကို ဆိုသည်။

( င) **မုဒိမ်းမှု** ဆိုသည်မှာ ရာဇသတ်ကြီးပုဒ်မ ၃၇၅ တွင်ပါရှိသော ကင်းလွတ်ချက်မှ အပ ယင်းပုဒ်မတွင် ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

( စ) **အိမ်ထောင်ဖက်ကကျူးလွန်သောမုဒိမ်းမှု** ဆိုသည်မှာ ခင်ပွန်းကဇနီးဖြစ်သူကို ကျူးလွန်သည့် မုဒိမ်းမှုကို ဆိုသည်။

(ဆ) **သဘောတူညီချက်** ဆိုသည်မှာ လွတ်လပ်သောသဘောဆန္ဒဖြင့်ပေးသည့် သဘောတူညီချက်ကို ဆိုသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်အရ ပေးသော သဘောတူညီခြင်း မပါဝင်ရ -

(၁) သေစေမည် သို့မဟုတ် နာကျင်စေမည်ဟု ကြောက်ရွံ့အောင် ခြိမ်းခြောက်သဖြင့် သဘောတူညီခြင်း၊

(၂) အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း သို့မဟုတ် လိမ်လည်လှည့်ဖြားခြင်းကြောင့် သဘောတူညီခြင်း၊

(၃) လက်နက်ကိုင်တပ်ဖွဲ့ဝင်ဖြစ်သဖြင့် သဘောတူညီခြင်း၊

(၄) မိမိအကျိုးနစ်နာမည်ကိုစိုးရိမ်၍ သဘောတူညီခြင်း၊

(၅) အကြောင်းခြင်းရာ အမှန်ကိုမသိ၍ သဘောတူညီခြင်း။

( ဇ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့်ထောင်ဒဏ်ကို ဆိုသည်။

( ဈ) **လုပ်ငန်းခွင်** ဆိုသည်မှာ အခကြေးငွေ၊ လုပ်ခလစာ သို့မဟုတ် အကျိုးခံစားခွင့် တစ်စုံတစ်ရာပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အလုပ်လုပ်ကိုင်ရသည့် နေရာ၊ ဌာနတို့ကို ဆိုသည်။

(ည) **သွေးရင်းမိသားစုဝင်** ဆိုသည်မှာ မိဘ၊ ဘိုးဘွား၊ ဇနီး၊ ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊ သားသမီးအရင်းများ၊ တရားဝင်မွေးစားသားသမီးများနှင့် တိုက်ရိုက်ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

(ဋ) **အိမ်ထောင်စုဝင်** ဆိုသည်မှာ အိမ်ထောင်စုဇယားတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ သွေးရင်းမိသားစုဝင်များ၊ အိမ်အကူလုပ်သားများ၊ မှီခိုသူများ အပါအဝင် မိသားတစ်စုအဖြစ် အတူတကွနေထိုင်ကြသူများကို ဆိုသည်။

(ဌ) **ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်** ဆိုသည်မှာ အမျိုးသမီးတစ်ဦးနှင့်အတူ နေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ သမီးရည်းစား သို့မဟုတ် အိမ်ထောင်ဖက်ကဲ့သို့ ဆက်ဆံရေးရှိသူကို ဆိုသည်။

(ဍ) **အကြမ်းဖက်ခံရသူ** ဆိုသည်မှာ ဤဥပဒေပါ အကြမ်းဖက်မှုကျူးလွန်ခြင်းခံရသည့် အမျိုးသမီးကို ဆိုသည်။

(ဎ) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူအား ဆိုသည်။

(ဏ) **ထိခိုက်နစ်နာမှု** ဆိုသည်မှာ အကြမ်းဖက်မှုကြောင့် နာကျင်ခံစားရမှုကိုလည်းကောင်း၊ ငွေကြေး၊ ပစ္စည်းထိခိုက်ပျက်စီးဆုံးရှုံးမှုကိုလည်းကောင်း၊ ယင်းတို့နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆုံးရှုံးမှုများကိုလည်းကောင်း ဆိုသည်။

(တ) **သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ** ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ်သဏ္ဌာန်၊ အသံ၊ သင်္ကေတ (Code)၊ လက္ခဏာ သင်္ကေတ (Sign)၊ အချက်ပြသင်္ကေတ (Signal) နှင့် အချက်အလက်အစုအဝေး (Database) ပုံရိပ်ငြိမ်နှင့် ပုံရိပ်ရှင်တို့အပြင် ယင်းတို့တစ်ခုထက်ပို၍ ပေါင်းစည်းထားသော အရာများနှင့်အလားတူကိစ္စရပ်များကို ကွန်ပျူတာနှင့်ဆော့ဖ်ဝဲများကို အသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်း ကိရိယာတစ်ခုခု

ကိုအသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ သတင်းအချက်အလက်များအား အသုံးပြုခြင်း၊ စုစည်းသိမ်းဆည်းခြင်း၊ ဖြန့်ဝေခြင်းနှင့် ဖလှယ်ခြင်းတို့ ပြုလုပ်နိုင်သော စနစ်တစ်ခုခုကို ဆိုသည်။

(ထ) **အကာအကွယ်ပေးရေးဆိုင်ရာအမိန့်** ဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်သည့် ပြစ်မှုကို တရားရုံးသို့တရားစွဲဆိုနိုင်ရေး စီစဉ်ဆောင်ရွက်နေသည့် ကာလအတွင်းတွင်ဖြစ်စေ၊ တရားစွဲဆိုထားသည့် ကာလအတွင်းတွင်ဖြစ်စေ အကြမ်းဖက်မှုထပ်မံ၍ မကျူးလွန်နိုင်ရေးနှင့်အကြမ်းဖက်ခံရသူအား လိုအပ်သော အကာအကွယ်ပေးရေးတို့အတွက် တရားရုံးကထုတ်ပေးသည့် အမိန့်ကိုဆိုသည်။

( ဒ) **ယာယီအကာအကွယ်ပေးရေးအစီအမံ** ဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ အမှုဖွင့်တိုင်တန်းခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ အကြမ်းဖက်မှုထပ်မံ မကျူးလွန်နိုင်ရေးနှင့် အကြမ်းဖက်ခံရသူကိုအရေးပေါ် ယာယီအကာအကွယ်ပေးရေးတို့အတွက် ဤဥပဒေအရ မြို့နယ်အမျိုးသမီးကော်မတီကဖြစ်စေ၊ မြို့နယ်အမျိုးသမီးကော်မတီက တာဝန်ပေးအပ်သူကဖြစ်စေ ဆောင်ရွက်ရမည့်အစီအမံကိုဆိုသည်။

( ဓ) **ယာယီစောင့်ရှောက်ရေးနေရာ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းရှိအစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုလူမှုရေးအဖွဲ့အစည်းက အကြမ်းဖက်ခံရသူကို ၎င်း၏ဆန္ဒအရ ယာယီစောင့်ရှောက်ပေးရန် ဤဥပဒေနှင့်အညီ တည်ထောင်ထားသောနေရာကို ဆိုသည်။

( န) **ကော်မတီ** ဆိုသည်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဆိုသည်။

( ပ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

( ဖ) **ကျန်းမာရေးစောင့်ရှောက်မှုပေးသူ** ဆိုသည်မှာ အကြမ်းဖက်ခံရသူများအား အစိုးရဆေးရုံ၊ အစိုးရကျန်းမာရေးဌာနများ၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း

သို့မဟုတ် ယာယီစောင့်ရှောက်ရေးနေရာရှိ ကျန်းမာရေးဝန်ဆောင်မှု အမျိုးမျိုးပေးသည့်ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများကို ဆိုသည်။

(ဗ) **ဝန်ဆောင်မှုရရှိနိုင်ရန်ဆောင်ရွက်ပေးသူ** ဆိုသည်မှာ အကြမ်းဖက်ခံရသူ သို့မဟုတ် တိုင်ကြားသူ၏ ဥပဒေအရ ရပိုင်ခွင့်များသိရှိစေရေး၊ ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေးနှင့် အခြားဝန်ဆောင်မှုများ ရယူနိုင်ရေးတို့အတွက် အထောက်အကူပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက အထူးလေ့ကျင့်သင်ကြားထားသော လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းတို့ကို ဆိုသည်။

(ဘ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဖွဲ့စည်းထားသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးကော်မတီ၊ ပြည်ထောင်စုနယ်မြေအမျိုးသမီးကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအမျိုးသမီးကော်မတီ၊ ခရိုင်အမျိုးသမီးကော်မတီနှင့် မြို့နယ်အမျိုးသမီးကော်မတီကို ဆိုသည်။

(မ) **အကာအကွယ်ပေးရန်တာဝန်ရှိသူ** ဆိုသည်မှာ အကြမ်းဖက်ခံရသူကို အကာအကွယ်ပေးရန် တာဝန်ပေးခြင်းခံရသည့် လုပ်ငန်းကော်မတီဝင်များ၊ ဒေသဆိုင်ရာကော်မတီဝင်များ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းများကို ဆိုသည်။

(ယ) **ဆေးစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ပေးသည့် ဆေးစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အကြမ်းဖက်မှုတားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်မှုလျော့နည်းစေရေး အတွက် အသိပညာပေးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(ခ) အကြမ်းဖက်ခံရသူအား လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက် ပေးရန်နှင့် ထပ်မံအကြမ်းဖက်ခံရမှုများမှ တားဆီးကာကွယ်ရန်၊

(ဂ) အကြမ်းဖက်ခံရသူ၏ ဘဝလုံခြုံမှု ပိုမိုကောင်းမွန်စေရေးနှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဃ) အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်၊

(င) အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် အမျိုးသမီးများ၏ ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ စသည့် ဖွံ့ဖြိုး တိုးတက်မှုကို ရရှိစေရန်၊

## အခန်း (၃)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီသည် ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရမည်။

၆။ ကော်မတီသည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည် -

(က) အကြမ်းဖက်မှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများ၏ဘဝလုံခြုံမှု ပိုမို ကောင်းမွန်စေရေးအတွက် စီမံကိန်းများ၊ စီမံချက်များ၊ မူဝါဒများ၊ လမ်းညွှန် ချက်များ ချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ခ) လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဂ) အကြမ်းဖက်ခံရသူအတွက် လိုအပ်သော ဥပဒေရေးရာဝန်ဆောင်မှုများ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အခြားလူမှုရေးဝန်ဆောင်မှုများနှင့် လုံခြုံစိတ်ချစွာ ယာယီနားခိုနေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး လိုအပ်သလို ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချက်အလက်များ ကောက်ယူခြင်း၊ သုတေသနပြုလုပ်ခြင်းဆိုင်ရာ လုပ်ငန်းရပ်များကို စိစစ်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊

( င) အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးအစီအစဉ်များကို စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

( စ) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိသားစုပြိုကွဲခြင်း၊ လူမှုဆက်ဆံရေးပျက်ပြားစေခြင်း၊ ထိခိုက်စေခြင်းတို့ကို လျော့ပါးစေပြီး မိသားစုပေါင်းစည်းရေးနှင့် လူမှုသဟဇာတဖြစ်စေရေး တို့ကို ဦးတည်၍ ဆောင်ရွက်ခြင်း၊

(ဆ) အကြမ်းဖက်မှုကို ကြိုတင်ကာကွယ်ခြင်း၊ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး လိုအပ်သလို ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်း၊

( ဇ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာ အသုံးပြုစေရေး တို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဈ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းအစီအစဉ်များတိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ည) အကြမ်းဖက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သော အစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ တောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၇။ ကော်မတီသည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာရန်ပုံငွေကို ကျခံသုံးစွဲရာတွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၈။ ကော်မတီသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဒေသဆိုင်ရာ ကော်မတီအသီးသီးကို တာဝန်ပေးအပ်ရမည်။

၉။ ဒေသဆိုင်ရာကော်မတီအသီးသီးသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အဆင့်ဆင့်သော သက်ဆိုင်ရာကော်မတီတို့၏ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်ရမည်။

## အခန်း (၄)

## အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးခြင်းနှင့် အကြမ်းဖက်ခံရသူကို ကာကွယ်စောင့်ရှောက်ခြင်း

၁၀။ အကာအကွယ်ပေးရန် တာဝန်ရှိသူသည် အကြမ်းဖက်မှု ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည် -

(က) သတင်းမီဒီယာမှတစ်ဆင့်ဖြစ်စေ၊ လူထုဟောပြောပွဲများ၊ တွေ့ဆုံပွဲများပြုလုပ်၍ ဖြစ်စေ အများပြည်သူအပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို

အကြမ်းဖက်မှုကာကွယ်တားဆီးရေး အသိပညာပေးရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

( ခ) အကြမ်းဖက်မှု လျော့နည်းစေရေးအတွက် အသိပညာပေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ) အကြမ်းဖက်ခံရသူ၏ အခွင့်အရေးဆုံးရှုံးမှုမရှိစေရန်ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ခြင်း၊

(ဃ) ဆေးကုသမှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ အမျိုးသမီး၏လိင်အင်္ဂါအစိတ်အပိုင်း တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ထိခိုက်အနာတရဖြစ်စေခြင်း၊ ဖြတ်တောက်ဖယ်ရှားခြင်းဖြင့် အမျိုးသမီးကို ထိခိုက်စေသည့်အပြုအမူများ မရှိစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ခြင်း။

၁၁။ ကော်မတီသည် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သင့်လျော်သလို ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနအပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အကြမ်းဖက်မှု ကြိုတင်ကာကွယ်တားဆီးရန်နှင့် အကြမ်းဖက်ခံရသူကို ကာကွယ်စောင့်ရှောက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများကို လေ့ကျင့်သင်တန်းများပေးခြင်းနှင့် သင်တန်းများ၌ထည့်သွင်းပို့ချခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

၁၃။ သက်ဆိုင်ရာတာဝန်ရှိသူသည် -

(က) အကြမ်းဖက်ခံရသူကို ဂုဏ်သိက္ခာရှိသူတစ်ဦးအဖြစ် လေးစားစွာ ဆက်ဆံရမည်၊

( ခ) အကြမ်းဖက်ခံရသူနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ အပါအဝင်သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်းဖြင့် အကာအကွယ်ပေးရမည်၊

(ဂ) အကြမ်းဖက်ခံရသူအတွက် ဥပဒေပိုင်းဆိုင်ရာဝန်ဆောင်မှုများကို အချိန်မီသိရှိနိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ဃ) အကြမ်းဖက်ခံရသူအတွက် ဝန်ဆောင်မှုများပေးအပ်ရာတွင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာ တို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း မရှိစေရေးဆောင်ရွက်ပေးရမည်။

၁၄။ အကြမ်းဖက်ခံရသူအား လိုအပ်သော အောက်ပါအထောက်အပံ့ဝန်ဆောင်မှုများ ပေးနိုင်ရန်အလို့ငှာ ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည် -

(က) အကြမ်းဖက်ခံရသူက တိုင်ကြားနိုင်ရေးနှင့် အကူအညီရရှိနိုင်ရေးအတွက် အရေးပေါ် ဆက်သွယ်တိုင်ကြားနိုင်သည့် တယ်လီဖုန်းနံပါတ်များ သတ်မှတ်ထားရှိခြင်း၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ နှစ်သိမ့်ဆွေးနွေးတိုင်ပင်ခြင်း၊ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲခြင်းတို့အတွက် စံလုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) တရားမဆိုင်ရာသက်သာခွင့်အတွက် လျှောက်ထားခြင်း၊ တရားစွဲဆိုခြင်း အပါအဝင် မှုခင်းများကို တရားစွဲဆိုဆောင်ရွက်ရာတွင် အကြမ်းဖက်ခံရသူအား ကူညီပံ့ပိုးမည့် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊

(ဃ) အကြမ်းဖက်ခံရသူ၏အခွင့်အရေး အလွယ်တကူရရှိရေးအတွက် သင့်လျော်သည့် ဒေသများကိုဦးစားပေးရွေးချယ်ကာ ယာယီစောင့်ရှောက်ရေးနေရာ တည်ထောင်ထားရှိခြင်း။

၁၅။ အကြမ်းဖက်ခံရသူသည် မိမိဆန္ဒအလျောက် ပဋိသန္ဓေတားခြင်းနှင့် သားသမီးရယူရန် ကိစ္စများအပါအဝင် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရပိုင်ခွင့်ရှိရမည်။

၁၆။ အကြမ်းဖက်ခံရသူသည် အောက်ဖော်ပြပါအခြေအနေတစ်ရပ်တွင် အကျုံးဝင်ပါက ကိုယ်ဝန်ဖျက်ချခြင်းကို မိမိဆန္ဒအလျောက် ဆေးစစ်ဆေးရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) ကိုယ်ဝန်ဆက်လက်ထားရှိပါက အမျိုးသမီးအတွက် အသက်အန္တရာယ် ရှိနိုင်ခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊

(ခ) မုဒိမ်းမှုကျူးလွန်ခံရခြင်းကြောင့် ကိုယ်ဝန်ဆောင်နေရခြင်း။

၁၇။ အကြမ်းဖက်ခံရသူသည် အိမ်ထောင်ဖက်ကကျူးလွန်သော အောက်ပါအခြေအနေ တစ်ရပ်ရပ်နှင့် ကြုံတွေ့ခံစားရပါက ၎င်း၏ ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းပြတ်စဲခွင့် ရရှိရမည်-

(က) မုဒိမ်းမှု၊

(ခ) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊

(ဂ) ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ဃ) ကွာရှင်းခွင့်ရရန်လုံလောက်သော အကြောင်းပြချက်ရှိသည့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု။

၁၈။ အလုပ်ရှင်နှင့်လုပ်ငန်းခွင်၏ စီမံအုပ်ချုပ်သူတိုင်းသည် မိမိ၏လုပ်ငန်းခွင်တွင် အကြမ်းဖက်မှု ကြိုတင်ကာကွယ်တားဆီးရေးအတွက် လည်းကောင်း၊ အကြမ်းဖက်ခံရသူကို ကာကွယ်စောင့်ရှောက်ရေးအတွက်လည်းကောင်း ဆောင်ရွက်ရမည့် လုပ်ငန်းခွင်ဆိုင်ရာမူဝါဒများနှင့် အခြား သင့်လျော်သည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည့်အပြင် တာဝန်ခံမှုရှိစေရမည်။

## အခန်း (၅)

## ယာယီအကာအကွယ်ပေးရေးအစီအမံ

၁၉။ ယာယီအကာအကွယ်ပေးရေးအစီအမံကို -

(က) အကြမ်းဖက်ခံရသူက သက်ဆိုင်ရာ မြို့နယ်အမျိုးသမီးကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အကြမ်းဖက်ခံရသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက အကြမ်းဖက်ခံရသူ၏ ခွင့်ပြုချက်ကိုဖြစ်စေ၊ အကြမ်းဖက်ခံရသူက ခွင့်ပြုချက် မပေးနိုင်ပါက ကျိုးကြောင်းဖော်ပြချက်ကိုဖြစ်စေ ပူးတွဲ၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည် -

(၁) အကြမ်းဖက်ခံရသူ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ၊

(၂) အကြမ်းဖက်ခံရသူ၏ သွေးရင်းမိသားစုဝင် သို့မဟုတ် အိမ်ထောင်စုဝင်၊

(၃) အကြမ်းဖက်ခံရသူအတွက် ဝန်ဆောင်မှုများရရှိနိုင်ရန် ဆောင်ရွက်ပေးသူ၊

(၄) လူမှုရေးအဖွဲ့အစည်းတစ်ခုခုမှ အဖွဲ့ဝင်အနည်းဆုံးနှစ်ဦး။

၂၀။ (က) အကြမ်းဖက်မှုကျူးလွန်သည့်ပြစ်မှုနှင့်စပ်လျဉ်း၍ အမှုဖွင့်တိုင်တန်းခြင်းပြုသည် ဖြစ်စေ၊ မပြုသည်ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်အမျိုးသမီးကော်မတီသည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကိုရရှိလျှင် စိစစ်ပြီး အောက်ပါတို့ကို ဆောလျင်စွာ ဆောင်ရွက်ရမည် -

(၁) အကြမ်းဖက်ခံရသူအားထပ်မံ၍ အကြမ်းဖက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် ကျူးလွန်ခြင်းမပြုရန် အကြမ်းဖက်မှုကျူးလွန်သူကိုဖြစ်စေ၊ ထိုသို့ကျူးလွန်ရာတွင် အားပေးကူညီသူ တစ်ဦးဦးကိုဖြစ်စေ တားမြစ်သည့်ယာယီအကာအကွယ်ပေးရေး အစီအမံများ ဆောင်ရွက်ခြင်း၊

(၂) အကြမ်းဖက်မှုကျူးလွန်သူက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ အကြမ်းဖက်ခံရသူအား တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်၍နှောင့်ယှက်မှု သို့မဟုတ်

စိတ်ပြိုပြင်စေမှုမပြုရန် တားမြစ်သည့် ယာယီအကာအကွယ်ပေးရေး အစီအမံချမှတ်ခြင်း၊

(၃) အကြမ်းဖက်မှုကျူးလွန်ခံရသူနှင့်သက်ဆိုင်သည့် လိင်ပိုင်းဆိုင်ရာရုပ်ပုံများ၊ လိင်သဘောသက်ရောက်သည့် ပြောဆိုရေးသားမှုများအား ဖြန့်ချိခြင်း၊ ထုတ်ဝေခြင်း၊ ထုတ်လွှင့်ခြင်း၊ အသံလွှင့်ခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အများပြည်သူနှင့်ဆိုင်သောနေရာတွင် ထားရှိခြင်းများ မပြုရန် အကြမ်းဖက်မှုကျူးလွန်သူကို တားမြစ်သည့်အစီအမံ ချမှတ်ခြင်း၊

(၄) အကြမ်းဖက်ခံရသူနှင့် ၎င်း၏ကလေးသူငယ်များကို သူမနှင့်အတူ အရေးပေါ် ယာယီစောင့်ရှောက်ရေးနေရာ ရရှိရေးအတွက် စီစဉ်ပေးခြင်း၊

(၅) အကြမ်းဖက်ခံရသူအတွက် အရေးပေါ် ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရေး စီစဉ်ပေးခြင်း၊

(၆) အကြမ်းဖက်ခံရသူအတွက် အခြားသောအရေးပေါ်လိုအပ်သည့်ဝန်ဆောင်မှု ရရှိရေးစီစဉ်ပေးခြင်း။

( ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့အရ တားမြစ်သည့် ယာယီအကာအကွယ်ပေးရေးအစီအမံကို လိုက်နာခြင်းမရှိသူအား ခေါ်ယူသတိပေးမှု ဆောင်ရွက်နိုင်သည်။

၂၁။ သက်ဆိုင်ရာ မြို့နယ်အမျိုးသမီးကော်မတီသည် ယာယီအကာအကွယ်ပေးရေး အစီအမံကာလကို ပုဒ်မ ၁၉ အရ တောင်းဆိုလျှောက်ထားသည့်နေ့မှ အများဆုံးရက်ပေါင်း ၃၀ ထက် မပိုစေဘဲ သတ်မှတ်ရမည်။

၂၂။ သက်ဆိုင်ရာမြို့နယ်အမျိုးသမီးကော်မတီသည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ယာယီအကာအကွယ်ပေးရေးအစီအမံကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ရမည်-

(က) အရေးပေါ်လုံခြုံသော ယာယီစောင့်ရှောက်ရေးနေရာနှင့် အရေးပေါ်လိုအပ်သည့် ဝန်ဆောင်မှုများအတွက် ဝန်ဆောင်မှုရရှိနိုင်ရန် ဆောင်ရွက်ပေးသူ၊

( ခ) အကြမ်းဖက်ခံရသူအား ယာယီစောင့်ရှောက်ရေးနေရာသို့ ရွှေ့ပြောင်းရာတွင် မြို့နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင်ဖြစ်သည့် ရဲတပ်ဖွဲ့ကိုယ်စားလှယ် သို့မဟုတ် ရဲအရာရှိတစ်ဦးဦး၊

( ဂ) အရေးပေါ် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ၊

(ဃ) အကြမ်းဖက်ခံရသူ၏ပစ္စည်းများကို ၎င်းနေထိုင်ရာနေရာမှ သွားရောက်ယူရာတွင် အကြမ်းဖက်ခံရသူနှင့်အတူ လိုက်ပါပေးရန် မြို့နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင်ဖြစ်သည့် ရဲတပ်ဖွဲ့ကိုယ်စားလှယ် သို့မဟုတ် ရဲအရာရှိတစ်ဦးဦးနှင့်အတူ အခြားကော်မတီဝင်တစ်ဦးဦး။

၂၃။ သက်ဆိုင်ရာ မြို့နယ်အမျိုးသမီးကော်မတီသည် ယာယီအကာအကွယ်ပေးရေး အစီအမံဆောင်ရွက်နေစဉ်ကာလအတွင်း အကြမ်းဖက်ခံရသူက အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်လျှောက်ထားနိုင်ရေးအတွက် အကူအညီပေးရမည်။

## အခန်း (၆)

## အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်

၂၄။ အကြမ်းဖက်မှုကျူးလွန်သည့် ပြစ်မှုကိုတရားရုံးသို့ တရားစွဲဆိုနိုင်ရေး စီစဉ်ဆောင်ရွက်နေသည့် ကာလအတွင်းတွင်ဖြစ်စေ၊ တရားစွဲဆိုထားသည့်ကာလအတွင်းတွင်ဖြစ်စေ အကြမ်းဖက်မှုကျူးလွန်သူကို လျှောက်ထားခံရသူအဖြစ် ဖော်ပြ၍ လျှောက်ထားသူအဖြစ် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ထုတ်ပေးရန် သက်ဆိုင်ရာတရားရုံးတစ်ခုခုသို့ လျှောက်ထားနိုင်သည်-

(က) အကြမ်းဖက်ခံရသူကိုယ်တိုင်၊

( ခ) အကြမ်းဖက်ခံရသူ၏မိဘ သို့မဟုတ် အုပ်ထိန်းသူ၊

( ဂ) အကြမ်းဖက်ခံရသူ၏ သွေးရင်းမိသားစုဝင် သို့မဟုတ် အိမ်ထောင်စုဝင်၊

(ဃ) လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူ၊

( င)   ရဲအရာရှိ၊

( စ)   ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊

(ဆ)   ဝန်ဆောင်မှု ရရှိနိုင်ရန် ဆောင်ရွက်ပေးသူ၊

( ဇ)   အကာအကွယ်ပေးရန်တာဝန်ရှိသူ။

၂၅။   လျှောက်ထားသူသည် အကြမ်းဖက်ခံရသူ ကိုယ်တိုင်မဟုတ်ပါက အကြမ်းဖက်ခံရသူ၏ ခွင့်ပြုချက်ကိုဖြစ်စေ၊ အကြမ်းဖက်ခံရသူကခွင့်ပြုချက် မပေးနိုင်ပါက ကျိုးကြောင်းဖော်ပြချက်ကို ဖြစ်စေ ပူးတွဲတင်ပြရမည်။

၂၆။   သက်ဆိုင်ရာတရားရုံးသည် ပုဒ်မ ၂၄ အရ အကာအကွယ်ပေးရေးဆိုင်ရာအမိန့် ထုတ်ဆင့်ပေးရန် တောင်းဆိုလျှောက်ထားမှုနှင့် စပ်လျဉ်း၍ -

(က)   တောင်းဆိုလျှောက်ထားသည့်နေ့တွင် လျှောက်ထားသူနှင့် အကြမ်းဖက်မှု ကျူးလွန်ကြောင်း လျှောက်ထားခံရသူတို့ကို စစ်ဆေး၍ လိုအပ်ပါက လျှောက်ထားသူက ပြသောသက်သေများကို စစ်ဆေးပြီး အကာအကွယ်ပေးရေး ဆိုင်ရာအမိန့်ကို ဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရမည်။

( ခ)   ပုဒ်မခွဲ (က) ပါစစ်ဆေးချက်အရ လုံလောက်မှုမရှိပါက သက်ဆိုင်ရာရဲတပ်ဖွဲ့ စခန်းသို့ စုံစမ်းစစ်ဆေးစေပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို တင်ပြသည့်အခါ အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ကိုဖြစ်စေ၊ လျှောက်ထားချက်အား ပလပ် သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရမည်။

( ဂ)   တောင်းဆိုလျှောက်ထားသည့်နေ့တွင် အကြမ်းဖက်မှုကျူးလွန်ကြောင်း လျှောက်ထားခံရသူကို စစ်ဆေး၍မရနိုင်ပါက လျှောက်ထားသူနှင့် လိုအပ်ပါက လျှောက်ထားသူက ပြသောသက်သေများကိုစစ်ဆေးပြီး လျှောက်ထားခံရသူအား ဆောလျင်စွာဆင့်ဆိုရမည်။ လျှောက်ထားခံရသူ ရုံးရှေ့ရောက်ရှိလျှင် ၎င်းနှင့် ၎င်းကတင်ပြသည့်သက်သေများကို စစ်ဆေး၍ အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ကိုဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရ

မည်။ အကယ်၍ဆင့်ဆိုသော်လည်း လျှောက်ထားခံရသူ လာရောက်ထုချေ ဖြေရှင်းရန်ပျက်ကွက်ပါက ၎င်း၏မျက်ကွယ်တွင် အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ကို ဖြစ်စေ၊ လျှောက်ထားချက်အား ပလပ်သည့်အမိန့်ကိုဖြစ်စေ ချမှတ် ရမည်။

(ဃ) အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ကိုဖြစ်စေ၊ လျှောက်ထားချက်အား ပလပ် သည့် အမိန့်ကိုဖြစ်စေ စတင်လျှောက်ထားသည့်နေ့မှ ၁၄ ရက်အတွင်း အမိန့်ချမှတ် ရမည်။

၂၇။ သက်ဆိုင်ရာတရားရုံးသည် အကာအကွယ်ပေးရေးဆိုင်ရာ အောက်ပါအမိန့်တစ်ရပ်ရပ် ကို ချမှတ်ရမည် -

(က) အကြမ်းဖက်မှုကျူးလွန်ကြောင်း လျှောက်ထားခံရသူကိုဖြစ်စေ၊ ထိုသို့ကျူးလွန် ရာတွင် အားပေးကူညီသူတစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခံရသူအားထပ်မံ၍ ခြိမ်းခြောက်ခြင်း သို့မဟုတ် အကြမ်းဖက်မှု ကျူးလွန်ခြင်းမပြုရန် တားမြစ်သည့် အမိန့်၊

(ခ) အကြမ်းဖက်မှုကျူးလွန်ကြောင်း လျှောက်ထားခံရသူက သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ အကြမ်းဖက်ခံရသူအား တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်၍နှောင့်ယှက်မှု သို့မဟုတ် စိတ်ပြိုငြင် စေမှုမပြုရန် တားမြစ်သည့်အမိန့်၊

(ဂ) အကြမ်းဖက်မှုကျူးလွန်ခံရသူနှင့်သက်ဆိုင်သည့် လိင်ပိုင်းဆိုင်ရာရုပ်ပုံများ၊ လိင် သဘောသက်ရောက်သည့် ပြောဆိုရေးသားမှုများအား ဖြန့်ချိခြင်း၊ ထုတ်ဝေခြင်း၊ ထုတ်လွှင့်ခြင်း၊ အသံလွှင့်ခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အများပြည်သူနှင့်ဆိုင်သောနေရာတွင် ထားရှိခြင်းများမပြုရန် အကြမ်းဖက်မှု ကျူးလွန်သူကို တားမြစ်သည့်အမိန့်၊

(ဃ) အကြမ်းဖက်မှုကျူးလွန်ခံရသူသို့ လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် ချမှတ်သည့်အမိန့်၊

( င ) အခြားသင့်လျော်သော အကာအကွယ်ပေးရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်။

၂၈။ တရားရုံးက ပုဒ်မ ၂၆ အရ ချမှတ်သည့်အမိန့်တစ်ရပ်ရပ်အပေါ် မကျေနပ်သောလျှောက်ထားသူကဖြစ်စေ၊ အကြမ်းဖက်ခံရသူကဖြစ်စေ၊ အကြမ်းဖက်မှုကျူးလွန်ကြောင်း လျှောက်ထားခံရသူကဖြစ်စေ အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်ရန် အဆင့်မြင့်တရားရုံးသို့ ဥပဒေနှင့်အညီ ပြင်ဆင်ခွင့် လျှောက်ထားနိုင်သည်။

၂၉။ သက်ဆိုင်ရာ အဆင့်မြင့်တရားရုံးသည် ပုဒ်မ ၂၈ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၂၆ အရ ချမှတ်သော အမိန့်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၇)

## အကြမ်းဖက်ခံရသူအား အကာအကွယ်ပေးရန် တာဝန်ရှိသူ၏ လုပ်ငန်းတာဝန်များ

၃၀။ အကာအကွယ်ပေးရန် တာဝန်ရှိသူသည် အကြမ်းဖက်ခံရသူအား ကာကွယ်စောင့်ရှောက်ရာတွင် အောက်ပါအချက်များကို အခြေခံသည့် ဝန်ဆောင်မှုများ ပေးရမည် -

(က) အကြမ်းဖက်ခံရသူ၏ လုံခြုံမှု၊

( ခ ) အကြမ်းဖက်ခံရသူနှင့် စပ်လျဉ်းသည့် အချက်အလက်များကို လျှို့ဝှက်ထားရှိမှု၊

( ဂ ) လေးစားမှု၊

(ဃ) ခွဲခြားဆက်ဆံမှုမရှိခြင်း။

၃၁။ အကာအကွယ်ပေးရန် တာဝန်ရှိသူသည် သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများအား လူ့အခွင့်အရေး၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအခြေခံမူများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ လမ်းညွှန်အခြေခံမူများ၊ ခွဲခြားမှုမရှိစေရေး မူဝါဒများကို လေ့ကျင့်သင်ကြားပေးရမည်။

၃၂။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့သည် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ -

(က) သတင်းပေးတိုင်တန်းသူနှင့် အကြမ်းဖက်ခံရသူ၏ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးရမည်၊

( ခ) သတင်းပေးတိုင်တန်းသူနှင့် အကြမ်းဖက်ခံရသူတို့၏အမည်၊ ဓာတ်ပုံနှင့် သတင်းအချက်အလက်များအား ပုံနှိပ်ဖြန့်ချိခြင်း၊ အသံလွှင့်ခြင်းနှင့် သတင်းမီဒီယာများအား ထုတ်ဖော်ပြောဆိုခြင်းမပြုရ။ အမှုကိုစုံစမ်းထောက်လှမ်းနေစဉ်အတွင်း သတင်းပေးတိုင်ကြားသူနှင့် အကြမ်းဖက်ခံရသူတို့၏ဂုဏ်သိက္ခာနှင့် လုံခြုံမှုကို အလေးထားဆောင်ရွက်ရမည်၊

( ဂ) အမျိုးသမီးရဲဝန်ထမ်းများရှိပါကဖြစ်နိုင်သမျှ ၎င်းတို့အား တာဝန်ပေး၍ စုံစမ်းစစ်ဆေးစေရမည်။

၃၃။ သက်ဆိုင်ရာရဲစခန်းတွင် သတင်းပေးတိုင်တန်းခြင်းမရှိသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် အကြမ်းဖက်ခံရသူအား သတ်မှတ်ချက်များနှင့်အညီ လိုအပ်သောအောက်ပါဝန်ဆောင်မှုကို ဆောင်ရွက်ပေးရမည် -

(က) အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများပေးခြင်း၊ လိုအပ်ပါက ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုပေးခြင်း၊

( ခ) အရေးပေါ်ပဋိသန္ဓေတားခြင်း၊ မျိုးပွားမှုဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊

( ဂ) ခုခံအားကျဆင်းမှု ကူးစက်ရောဂါအပါအဝင် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများကို စမ်းသပ်စစ်ဆေးခြင်းနှင့်ကုသပေးခြင်း၊

(ဃ) အခြားလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် သင့်လျော်သောကျန်းမာရေးဌာနများသို့ဆက်လက်လွှဲပြောင်းပေးပို့ခြင်း။

၃၄။ သက်ဆိုင်ရာရဲစခန်းတွင် သတင်းပေးတိုင်တန်းခြင်းမရှိသော်လည်း ဝန်ဆောင်မှုရရှိနိုင်ရန်ဆောင်ရွက်ပေးသူသည် အကြမ်းဖက်ခံရသူအား သတ်မှတ်ချက်များနှင့်အညီ လိုအပ်သောအောက်ပါဝန်ဆောင်မှု ဆောင်ရွက်ပေးရမည် -

(က) ယာယီအကာအကွယ်ပေးရေး အစီအမံလျှောက်ထားသည့်ကိစ္စကို အကူအညီပေးခြင်း သို့မဟုတ် ယင်းအစီအမံလျှောက်ထားရာတွင် အကြမ်းဖက်ခံရသူ၏ခွင့်ပြုချက်ဖြင့် ကိုယ်စားလျှောက်ထားခြင်း၊

( ခ) အကြမ်းဖက်ခံရသူ ရခွင့်ရှိသည့် ဝန်ဆောင်မှုရရှိရန် ချက်ချင်းအသိပေးခြင်းနှင့် လိုအပ်ပါက အဆိုပါဝန်ဆောင်မှုကို ရရှိစေရန် ၎င်းကိုယ်စား ဆက်သွယ် ဆောင်ရွက်ပေးခြင်း၊

( ဂ) မြို့နယ်အမျိုးသမီးကော်မတီက ချမှတ်သည့်ယာယီအကာအကွယ်ပေးရေး အစီ အမံကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် အကူအညီ များပေးခြင်း။

## အခန်း (၈)

## အကြမ်းဖက်မှုကို စစ်ဆေးခြင်း

၃၅။ သက်ဆိုင်ရာ တရားရုံးသည် -

(က) အကြမ်းဖက်ခံရသူကို စစ်ဆေးရာတွင် လိုအပ်ပါကသီးသန့်လုံခြုံသည့်အခန်းတွင် စစ်ဆေးရမည်။

( ခ) အကြမ်းဖက်ခံရသူ၏ သဘောတူညီမှုမရှိဘဲ သတင်းမီဒီယာများအား အများပြည်သူသိရှိရန် ထုတ်ဖော်တင်ပြခွင့်မပြုရ။

( ဂ) လိုအပ်ပါကအမှုတွင် စကားပြန်ထားရှိနိုင်ရန်စီစဉ်ပေးရမည်။

(ဃ) ကိုယ်တိုင်ထွက်ဆိုနိုင်ခြင်းမရှိသော မသန်စွမ်းသူအမှုသည်၊ သက်သေဖြစ်ပါက ၎င်းတို့နားလည်နိုင်စွမ်းရှိသည့်အမူအရာ၊ သင်္ကေတဖြင့်လည်းကောင်း၊ ဘာသာ ရပ်ဆိုင်ရာကျွမ်းကျင်သူ၏အကူအညီဖြင့်လည်းကောင်း စစ်ဆေးရမည်၊

( င) အကြမ်းဖက်ခံရသူကို စစ်ဆေးရာတွင် လိုအပ်ပါက အကြမ်းဖက်မှုကျူးလွန် ကြောင်းစွပ်စွဲခံရသူနှင့် အခန်းတစ်ခုတည်း ထားရှိစစ်ဆေးခြင်း မပြုရ။

( စ) သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်း ပြုရာ၌ တရားခွင်ရှိ သက်ဆိုင်သည့်ပုဂ္ဂိုလ်၊ အကြမ်းဖက်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူနှင့် သက်သေများ မြင်နိုင်၊ ကြားနိုင်၊ မေးမြန်းနိုင်၊ ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြား မြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်သည်။

## အခန်း (၉)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၆။ မည်သူမျှအမျိုးသမီးတစ်ဦးဦးအား စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေသည့် အောက်ဖော်ပြပါပြုလုပ်မှုတစ်ခုခုကို မပြုရ -

(က) သွားလာတတ်သောနေရာများသို့ လူကိုယ်တိုင် နောက်ယောင်ခံ၍ နှောင့်ယှက်ခြင်း၊ ချောင်းမြောင်းကြည့်ရှုခြင်း၊

(ခ) အမျိုးသမီးတစ်ဦးကိုဖြစ်စေ၊ ၎င်း၏မိသားစု၊ မိတ်ဆွေ၊ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များကိုဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ခြိမ်းခြောက်ခြင်း၊

(ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ ဆက်သွယ်နှောင့်ယှက်မှုပြုခြင်း။

၃၇။ မည်သူမျှ အမျိုးသမီးတစ်ဦးဦးကို ထိခိုက်နစ်နာမှုဖြစ်စေသည့် အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ -

(က) အနိုင်အထက်ပြု၍ လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း၊

(ခ) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ရပ် ဖြစ်ပွားပြီးနောက်တွင် အကြမ်းဖက်ခံရသူကို ဖိအားပေး၊ အကျပ်ကိုင်၍မလျော်ဩဇာသုံးပြီး ထိုအကြမ်းဖက်ကျူးလွန်သူနှင့် အတင်းအကျပ် လက်ထပ်ပေးခြင်း။

၃၈။ ကွယ်လွန်သူခင်ပွန်း၏ သွေးရင်းမိသားစုဝင် မည်သည့်အမျိုးသားမျှ မိမိတို့ ထိန်းသိမ်းကြည့်ရှုစောင့်ရှောက်ထားသော မုဆိုးမနှင့် သူမ၏ သမီးတစ်ဦးဦးအား ယင်းတို့၏ သဘောဆန္ဒမပါဘဲ သိမ်းပိုက်ခြင်း သို့မဟုတ် လက်ထပ်ခြင်းမရှိစေရ။

၃၉။ မည်သူမျှအမျိုးသမီးတစ်ဦးအား လက်ထပ်မည်ဟု ယုံကြည်အောင်ပြောဆို၍ ကာမရယူပြီးနောက် လက်ထပ်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၀။ မည်သူမျှလုပ်ငန်းခွင်တွင် အမျိုးသမီးတစ်ဦးကို နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်အမူအရာဖြင့်သော်လည်းကောင်း လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ပြောဆိုခြင်း၊ ပြသခြင်း၊ ကမ်းလှမ်းခြင်း၊ တောင်းဆိုခြင်း သို့မဟုတ် ညစ်ညမ်းရုပ်ပုံများ၊ ဗွီဒီယိုများ၊ အသံ၊ စာသားစသည့်

လိင်သဘောသက်ရောက်သည့်အရာများ အသုံးပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု မပြုရ။

၄၁။ ခင်ပွန်းသည်မည်သူမျှ မိမိ၏ဇနီးအား အိမ်ထောင်ဖက်ကကျူးလွန်သော မုဒိမ်းမှု မကျူးလွန်ရ။

၄၂။ အိမ်ထောင်စုဝင် သို့မဟုတ် သွေးရင်းမိသားစုဝင် မည်သူမျှ အမျိုးသမီးတစ်ဦးအား အိမ်တွင်းအကြမ်းဖက်မှုမပြုရ။

၄၃။ မည်သူမျှ အမျိုးသမီးတစ်ဦးအား အောက်ဖော်ပြပါအကြောင်း တစ်ရပ်ရပ်အရ သားကြောဖြတ်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်စေခြင်းမပြုရ -

(က) ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မလျော်သြဇာသုံးခြင်း၊

( ခ) အကျိုးခံစားခွင့် တစ်စုံတစ်ရာပေးမည်ဟု မက်လုံးပေး၍ တိုက်တွန်းဆောင်ရွက်ခြင်း၊

( ဂ) အကျိုးခံစားခွင့်များကို ရုပ်သိမ်းမည်၊ ငြင်းပယ်မည် သို့မဟုတ် ဆောင်ရွက်ခြင်း မရှိလျှင် ပြစ်ဒဏ်တစ်ခုခု ကျခံစေမည်ဟု ခြိမ်းခြောက်၍ ဆောင်ရွက်စေခြင်း၊

(ဃ) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် သို့မဟုတ် အရေးပေါ်အမိန့် ထုတ်ပြန်ထားသည့်ကာလတွင် အမိန့်အာဏာသုံး၍ ဆောင်ရွက်ခြင်း။

၄၄။ မည်သူမျှ ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်နှင့်မညီဘဲ ကိုယ်ဝန်ဖျက်ချခြင်း မပြုရ။

၄၅။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်အား ကျူးလွန်ကြောင်း ပထမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အတွင်း ထပ်မံ၍ ကျူးလွန်ခြင်းမပြုရန် သတိပေးပြီး ခိုင်လုံသောအာမခံဖြင့် ခံဝန်ချုပ်ချုပ်ဆိုစေသည့်အမိန့် ချမှတ်ရမည်။

၄၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကိုအနည်းဆုံး သုံးလမှအများဆုံးတစ်နှစ် အထိထောင်ဒဏ်ချမှတ်ရမည် -

(က) ပုဒ်မ ၄၅ အရ ခံဝန်ချုပ်ချုပ်ဆိုသည့်အမိန့် ချမှတ်ခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံကျူးလွန်မှု၊

( ခ) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊

(ဂ) စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု၊

(ဃ) ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးမပြုဘဲ ထိခိုက်နာကျင်စေသည့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ခုခု ပြုလုပ်ခြင်း၊

(င) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန်ကြံရွယ်၍ ကျူးလွန်သည့် လက်ရောက်မှု၊

(စ) အမျိုးသမီးကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန် ရည်ရွယ်၍အသံ သို့မဟုတ် ကိုယ်အမူအရာပြုလုပ်မှု၊

(ဆ) အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု။

၄၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကိုအနည်းဆုံးခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် -

(က) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ထပ်မံကျူးလွန်ခြင်း၊

(ခ) စီးပွားရေးဆိုင်ရာအကြမ်းဖက်မှုကို ထပ်မံကျူးလွန်ခြင်း၊

(ဂ) ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း၊

(ဃ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ အမျိုးသမီး ၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကိုဖြစ်စေ၊ အပြု အမူကိုဖြစ်စေ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးမှု၊ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ ထုတ်ဖော်ဖြန့်ဝေမှု၊ ညစ်ညမ်းပုံများ ပေးပို့ဖြန့်ဝေခြင်း။

၄၈။ မည်သူမဆို ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးပြု၍ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ခုခု ပြုလုပ်၍ နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၄၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် -

(က) ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း၊

(ခ) အမျိုးသမီး၏ခွင့်ပြုချက်မရှိဘဲ သားကြောဖြတ်ခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်စေခြင်း။

၅၀။ ခင်ပွန်းသည်မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၁။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို ဘေးဖြစ်စေတတ်သောလက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုအသုံးပြုခြင်းမရှိဘဲ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ခုခုပြုလုပ်၍ အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးနှစ်နှစ်မှ အများဆုံးခုနစ်နှစ်အထိထောင်ဒဏ် ချမှတ်ရမည်။

၅၂။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို ပြည့်တန်ဆာပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးနှစ်နှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည်။

၅၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် -

(က) ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) အမျိုးသမီး၏ ခွင့်ပြုချက်မရှိဘဲ ကိုယ်ဝန်ဖျက်ချခြင်း၊

(ဂ) ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်နှင့်မညီဘဲ ကိုယ်ဝန်ဖျက်ချခြင်း။

၅၄။ ကွယ်လွန်သူခင်ပွန်း၏ သွေးရင်းမိသားစုဝင် အမျိုးသား မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆိုဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုဖြင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ခုခုပြုလုပ်၍ အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ငါးနှစ်မှ အများဆုံးနှစ် ၂၀ အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၆။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို အောက်ပါပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ ထောင်ဒဏ် ၂၀ နှစ် ဖြစ်စေ ချမှတ်ရမည် -

(က) တစ်ဦးထက်ပို၍ စုဖွဲ့ကျူးလွန်သည့်မုဒိမ်းမှု၊

(ခ) လူ၏ခန္ဓာကိုယ်ကို အသက်သေစေလောက်သော သို့မဟုတ် မသန်စွမ်းမှု၊ ထိခိုက်နစ်နာမှု၊ နာကျင်စေမှုဖြစ်စေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ဂ) ကလေးသူငယ်မြင်စေရန်ဖြစ်စေ၊ ကလေးသူငယ်မြင်မည်ကိုသိလျက်နှင့် သို့မဟုတ် သိတန်ရာသောအကြောင်းရှိလျက်နှင့်ဖြစ်စေ ကလေးသူငယ်၏ရှေ့တွင် မုဒိမ်းမှုကို တမင်ကျူးလွန်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါး သို့မဟုတ် အရက်သေစာတိုက်ကျွေး၍ ကျူးလွန်သည့် မုဒိမ်းမှု၊

(င) ဘေးဖြစ်စေတတ်သောလက်နက်ကို အသုံးပြု၍ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(စ) အကြိမ်ကြိမ် ကျူးလွန်သည့် မုဒိမ်းမှု၊

(ဆ) ဆယ့်နှစ်နှစ်အောက်မိန်းကလေးကို ကျူးလွန်သည့်မုဒိမ်းမှု၊

၅၇။ သွေးရင်းမိသားစုတစ်ဦးဦးကဖြစ်စေ၊ အိမ်ထောင်စုဝင်တစ်ဦးဦးကဖြစ်စေ မိသားစုအတွင်း ကျူးလွန်သောမုဒိမ်းမှု၊ ဓမ္မတာနှင့်ဆန့်ကျင်သောလိင်ပိုင်းဆိုင်ရာပြုကျင့်မှု၊ ပြည့်တန်ဆာပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်သက်ဖြစ်စေ၊ ထောင်ဒဏ် ၂၀ နှစ် ဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၅၆ ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်မှုမှအပ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်။

၅၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသောအမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၆၀။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၆၁။ မည်သူမဆို ဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခကြောင့်သော်လည်းကောင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ ကလေးသူငယ်ကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်လျှင် ထိုသူကို ထောင်ဒဏ်တစ်သက် ချမှတ်ရမည်။

## အခန်း (၁၀)

## တရားမဆိုင်ရာ သက်သာခွင့်များ

၆၂။ အကြမ်းဖက်ခံရသူသည် ဤဥပဒေပါ ပြစ်မှုကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည့်အပြင် အောက်ဖော်ပြပါ မိမိ၏နစ်နာမှုများနှင့်ဆုံးရှုံးမှုများအတွက် တရားမဆိုင်ရာသက်သာခွင့်၊ ရပိုင်ခွင့်များကို သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည် -

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း ထိခိုက်နစ်နာမှုနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများအတွက် ဆေးဝါးကုသစရိတ်နှင့် နစ်နာကြေးများရထိုက်ခွင့်၊

(ခ) တရားစရိတ်များ ရထိုက်ခွင့်၊

(ဂ) ပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ နစ်နာသည့်၊ ပျက်စီးဆုံးရှုံးသွားသည့်ပစ္စည်းများအတွက် လျော်ကြေးရထိုက်ခွင့်၊

(ဃ) ဝင်ငွေ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆုံးရှုံးမှုအတွက် လျော်ကြေးရပိုင်ခွင့်၊

(င) ကလေးသူငယ်များအား ယာယီထိန်းသိမ်းစောင့်ရှောက်ခွင့်အမိန့်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်အပါအဝင် ကလေးသူငယ်စရိတ် ရထိုက်ခွင့်။

၆၃။ ကာမလိမ်လည်မှုခံရခြင်းကြောင့် ထိုအမျိုးသမီးတွင် ကိုယ်ဝန်ရရှိသွားလျှင် ထိုအမျိုးသမီးသည် မွေးဖွားလာသည့်ကလေးအား ပြုစုပျိုးထောင်စောင့်ရှောက်မှုစရိတ်ရရှိရန် သက်ဆိုင်ရာ တရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၆၄။ အကြမ်းဖက်မှုကြောင့် အကြမ်းဖက်ခံရသူသေဆုံးသွားလျှင် သေဆုံးသူ၏မိသားစုဝင်သည် သင့်လျော်သည့်နစ်နာကြေးရရှိရန် သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၆၅။ သက်ဆိုင်ရာတရားရုံးသည် ဤအခန်းပါ တရားမဆိုင်ရာ သက်သာခွင့်များရလိုသည့် လျှောက်ထားမှုများနှင့် တရားစွဲဆိုမှုများတွင် အကြမ်းဖက်ခံရသူ၏ ထိခိုက်နစ်နာမှုအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အကြမ်းဖက်သူအား အမိန့်ချမှတ်ရာတွင် ဤဥပဒေအရစွဲဆိုသည့် ပြစ်မှုတွင်ဖြစ်စေ၊ အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ချမှတ်ရာတွင်ဖြစ်စေ လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် ချမှတ်ပါက ယင်းလျော်ကြေး သို့မဟုတ် နစ်နာကြေးကို ခုနှိမ်၍ချမှတ်ရမည်။

## အခန်း (၁၁)

## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲသုံးစွဲခြင်း

၆၆။ ကော်မတီသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်သည် -

(၁) ဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်မှထည့်ဝင်သည့် မတည်ငွေနှင့် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဖြင့် ထောက်ပံ့ငွေ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေနှင့် ပစ္စည်းများ၊

(၃) စုဆောင်းငွေမှ ရရှိသည့် အတိုးငွေများ။

( ခ ) ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

( ဂ ) ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီသည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ပြုလုပ်ရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ရသုံးငွေစာရင်းရှင်းတမ်းများ ပြုစု၍ကော်မတီသို့ တင်ပြရမည်။

(ဃ) ကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

## အခန်း (၁၂)

## အထွေထွေ

၆၇။ (က) လူမှုဝန်ထမ်းဦးစီးဌာနသည် ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

( ခ ) ဝန်ကြီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆၈။ သက်ဆိုင်ရာတရားရုံးသည် အကြမ်းဖက်မှုကျူးလွန်သူအား အမိန့်ချမှတ်ရာတွင် အကြမ်းဖက်ခံရသူ ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးဝါးကုသမှုကုန်ကျစရိတ်၊ သွားလာစရိတ်နှင့် အကြမ်းဖက်ခံရမှုကြောင့် အကြမ်းဖက်ခံရသူ အလုပ်မလုပ်နိုင်ဘဲ ပုံမှန်ဝင်ငွေနစ်နာဆုံးရှုံးမှုများအတွက် အကြမ်းဖက်မှုကျူးလွန်မခံရမီ အကြမ်းဖက်ခံရသူ၏ နေ့စဉ်ပုံမှန်ဝင်ငွေပမာဏကို သော်လည်းကောင်း၊ ပုံမှန်ဝင်ငွေ၏သင့်လျော်သည့် တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ပေးချေစေရန် ညွှန်ကြားသည့်အမိန့် ချမှတ်နိုင်သည်။

၆၉။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၇၀။ ဤဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် စကားရပ်များနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီးပါ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၇၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဝန်ကြီးဌာနနှင့်ကော်မတီသည်လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်